ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ကုသရေးဦးစီးဌာန

**ပြင်ပလူနာဌာန Out Patient Department (OPD)/ အရေးပေါ်ကုသမှုဌာန (Emergency Department) COVID-19 ရောဂါအတွက် Hospital-based Fever Clinic/ Fever Corner ဖွင့်လှစ်ဆောင်ရွက်မှု အားဖြည့်ဆောင်ရွက်နိုင်ရေး လုပ်ငန်းလမ်းညွှန် (၂၀-၄-၂၀၂၀)**

- ဤလုပ်ငန်းလမ်းညွှန်ကို COVID-19 ရောဂါနှင့်ပတ်သက်၍ ဆေးရုံများတွင် ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းလမ်းညွှန် (Version 3) (Updated as of 26-3-2020) ပါ ပြင်ပလူနာဌာန/ အရေးပေါ်လူနာဌာနတွင် လူနာများအား စိစစ်စစ်ဆေးခြင်း ခေါင်းစဉ်ဖြင့် ဖော်ပြထားသည့် အချက်အလက်များအပေါ် ဖြည့်စွက်ဆောင်ရွက်ရန် ဖြစ်ပါသည်။
- Hospital Based Fever Clinic/ Fever Corner များအနေဖြင့် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးတွင် ဆောင်ရွက်လျက်ရှိသည့် Protocol (A) နှင့် Protocol (B)၊ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၏ SOP for Fever Clinic တို့ကို လိုအပ်သလို ကိုးကား၍ ဆေးရုံအလိုက် Protocol ရေးဆွဲ ဆောင်ရွက်ရန်၊
- ကိုယ်ပူချိန်တက်ခြင်း (Fever) ဖြင့် လာရောက်ပြသသောလူနာများ အတွက် ဆေးရုံဝင်းအတွင်း သင့်လျော်သော နေရာတွင် သီးခြားဝန်ထမ်းများတာဝန်ချ၍ Fever Clinic ဖွင့်လှစ်ပေးရန်/ ဆိုင်းဘုတ်ထားရှိရန်/ ဆက်သွယ်နိုင်ရန် ဖုန်းအမှတ်ဖော်ပြထားရန်၊
- လက်ထောက်ဆရာဝန်(ဆေးပညာ) သို့မဟုတ် အထူးကုဆရာဝန် (ဆေးပညာ) တစ်ဦးမှ ကြီးကြပ်၍ လက်ထောက်ဆရာဝန် (၁)ဦး၊ သူနာပြု (၂)ဦး၊ ဆေးမှတ်တမ်း သို့မဟုတ် ဆေးလူမှုဆက်ဆံရေးဝန်ထမ်း (၁)ဦး၊ အလုပ်သမားဝန်ထမ်း (၂)ဦးမှ (၄)ဦး သီးသန့်တာဝန်ပေးအပ်ထားရန်၊

- လူနာများနှင့် အဖော်လိုက်ပါသူများ အနည်းဆုံး (၃)ပေမှ (၆)ပေအကွာတွင် ထိုင်၍ စောင့်နိုင်ရေး အတွက် နေရာများ/ ထိုင်ခုံများ စီစဉ်ပေးထားရန်၊
- Patient Examination Beds, Thermometer (Non–touch), လူနာစမ်းသပ်ရန် အခြေခံလိုအပ်သော ပစ္စည်းများ (Stethoscope, Sphygmomanometer, Pulse Oxymeter), PPE, Hand Washing Facilities စီစဉ်ပေးထားရန်၊
- ကိုယ်ပူချိန်တက်သော လူနာများအား COVID–19 ရောဂါနှင့် ဆက်စပ်သည့် ရောဂါ ရာဇဝင် များ ရှိ/မရှိ Patient Record Form ကို အသုံးပြု၍ မေးမြန်းရန်၊
- ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကုသရေးဦးစီးဌာနမှ ပြုစုဖြန့်ဝေထားသည့် "COVID–19 ရောဂါနှင့် ပတ်သက်၍ ဆေးရုံများ၌ ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းလမ်းညွှန်" နှင့်အညီ သတ်မှတ်ပေးထားသော Standard Precaution များကို တိကျစွာ လိုက်နာရန်နှင့် PPE ဝတ်ဆင်ရန်၊
- COVID–19 ရောဂါ သံသယရှိပါက လူနာအား Nasopharyngeal swab/Oropharyngeal swab ကို သတ်မှတ်ချက်များနှင့်အညီ ရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပေးပို့ရန်နှင့် Nasopharyngeal swab, Oropharyngeal swab ယူနိုင်ရေး လိုအပ်ချက်များ (ဥပမာ – Virus Transport Medium Tube) စီစဉ်ပေးထားရန်၊
- Nasopharyngeal swab/oropharayngeal swab ယူထားသည့် လူနာအား ဆေးရုံတင်ထားရန်၊ PUI/Hospital Quarantine အဖြစ် သတ်မှတ်၍ သတ်မှတ်နေရာများတွင် ထားရှိရန်၊
- လူနာများ ထားရှိရန် နေရာနှင့် သွား/လာရမည့် လမ်းကြောင်းများကို သတ်မှတ်ထားရန်၊
- ဆေးရုံတင်ရန် မလိုအပ်ပါက Facility Quarantine သို့ လွှဲပြောင်းပေးပို့နိုင်ရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ကုသရေးဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊
- လူနာနှင့် ပတ်သက်သော အချက်အလက်များကို ကုသရေးဦးစီးဌာနသို့ ၂၄ နာရီအတွင်း ပုံစံ (က) ကို အသုံးပြု၍ မပျက်မကွက် သတင်းပေးပို့ရန်၊